# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

October 21, 2024 Volume 83, Number 12


| ၂၁.၁၀.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၁. ၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၇.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၉၅၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်တွင်း ပြည်ပဝယ်လိုအားကြောင့် ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများ အရောင်းအဝယ်ကောင်းနေ



သီတင်းကျွတ်ကာလအပြီး မန္တလေးဈေးကွက်အတွင်း၌ ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် မြန်မာထွက်ကုန် ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများ အရောင်းအဝယ်သွက်ကာဈေးကောင်းများရရှိနေကြောင်းမန္တလေးပဲကုန်သည်များထံမှသိရသည်။

မန္တလေးဈေးကွက်အတွင်း ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများအနေဖြင့် V2၊ V7၊ 929၊ ဗမာကုလားပဲများ ဟူ၍ ရှိကြောင်း၊ ဈေးနှုန်းအမျိုးအစားများအနေဖြင့် V2 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၂,၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀ ပေါက်ဈေးများဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

" မန္တလေးဈေးကွက်ထဲမှာ ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားတွေ အရောင်းအဝယ်သွက်နေပါတယ်။ ပြီးခဲ့တဲ့နှစ်ထက်စာရင် တောင်သူတွေ ဈေးကောင်း ရရှိနေပါတယ်။ ဒီနှစ်က ကုလားပဲအထွက်နှုန်းလည်း အသင့်အတင့်ကောင်းမွန်ပါတယ်။ ကုလားပဲကို နှစ်စဉ်ဝယ်ယူနေတဲ့ နိုင်ငံတွေကတော့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတွေက ဝယ်ယူနေပါတယ်။ကုလားပဲက မြန်မာလူမျိုးတွေရဲ့အကြိုက်နှစ်သက်ဆုံး ပဲအမျိုးအစား

ဖြစ်တယ်။စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်း မပါမဖြစ်ကြိုက်နှစ်သက်တဲ့ပဲပါ။ ကုလားပဲကို ပြည်တွင်းစားသုံးမှုအတွက် အများဆုံးစိုက်ပျိုးပါတယ်။ လက်ရှိအချိန်က ကုလားပဲစိုက်ပျိုးတဲ့ ရာသီချိန်ဖြစ်တဲ့အတွက် တောင်သူတွေ ကြိုးစားပြီးစိုက်ပျိုးနေကြပါတယ်။ ဈေးကောင်းရနေတဲ့အတွက်ကြောင့် စိုက်ဧကတွေလည်း ပိုမိုများပြားလာနိုင်ပါတယ် ” ဟု ၎င်းက ပြောသည်။

မြန်မာထွက်ကုန် သီးနှံကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထားစိုက်ပျိုးကြကြောင်း၊ယင်းကုလားပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင်တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံးစိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်တွင် အဆိုပါ ကုလားပဲများ ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## MSME ပြည်တွင်းထုတ်ကုန်များ ပြည်ပဈေးကွက်သို့ တိုးချဲ့နိုင်ရန် နိုင်ငံတကာပြပွဲများတွင် လိုက်လံပြသလျက်ရှိဟုဆို



ပြည်တွင်းထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ တိုးချဲ့တင်ပို့နိုင်ရန်အတွက် နိုင်ငံတကာကုန်စည်ပြပွဲများတွင် လိုက်လံပြသရောင်းချလျက်ရှိကြောင်း MSME လုပ်ငန်းရှင်များ၏ ပြောပြချက်အရ သိရသည်။

ထို့ပြင် အစိုးရအနေဖြင့်လည်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ပံ့ပိုးကူညီလျက်ရှိပြီးပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ ထုတ်ကုန်များကို ပြည်ပဈေးကွက်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ ဟိုတစ်ခါ နန်နင်းပြည်နယ်မှာလုပ်တဲ့ ကုန်စည်ပြပွဲမှာဆိုရင် ပြည်တွင်းက ဝါးနဲ့ထုတ်တဲ့ထုတ်ကုန်တွေကို သဘောကျကြတယ်။ပစ္စည်းပါသလောက်ကုန်အောင်ရောင်းခဲ့ရတယ်။ နောက်ထပ်လည်း လိုချင်လို့ အော်ဒါမှာယူတာတွေရှိတယ်။ ပြည်တွင်းထုတ်ကုန်တွေကို ပြည်ပဈေးကွက် ပိုရရှိဖို့ နိုင်ငံတကာကုန်စည်ပြပွဲတွေမှာ ပြသရောင်းချပါတယ် " ဟု MSME လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ Times City Jewellery Mall တွင် ကျင်းပပြုလုပ်ခဲ့သည့် 2024 Myanmar Real Estate ပြပွဲကြီးနှင့် သီတင်းကျွတ် ဈေးရောင်းပွဲတော်ကြီးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် ပုဂ္ဂလိကဘဏ်များတွင် ချေးငွေများစတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာထားသည်။

MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ကြေညာချက်အရ သိရသည်။

**Source: https://www.popularmyanmar.com/**

## ၆ လအတွင်း ပြည်ပငါးတင်ပို့မှုမှ ကန်ဒေါ်လာ ၁၇၆ သန်းကျော် ရရှိထား



ယခုဘဏ္ဍာနှစ်၏ မီနီဘတ်ဂျက် ခြောက်လတာကာလအတွင်း ပြည်ပသို့ ငါးတန်ချိန် ၁ သိန်း ၆ သောင်းကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၇၆ သန်းကျော်ဖိုးရရှိခဲ့ကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှ သိရ သည်။


ပြည်တွင်းမှ ရေထွက်ကုန်များကို ပြည်ပသို့ ပုံမှန်ကုန်သွယ်ရေး လမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ခြင်း ဖြစ်ပြီး ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၈၂,၀၀၀ ကျော် တင်ပို့ခဲ့ကာ ကန်ဒေါ်လာ သန်း ၁၁၀ ကျော် ရရှိထားကြောင်း သိရသည်။

အလားတူ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန်ချိန် ၇၈,၀၀၀ ကျော် တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၆၅ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

ပြည်တွင်းမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့် နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့နေခြင်းဖြစ်ပြီး ရန်ကုန်မြို့မှတစ်ဆင့် ပင်လယ်ရေကြောင်းမှ ပုံမှန်တင်ပို့မှုအပြင် နယ်စပ်ကုန်သွယ်မှုမှလည်း တိုက်ရိုက် တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: https://www.popularmyanmar.com/**

## စားအုန်းဆီအပါအဝင် ဆီဈေးများ ကျဆင်းနေ




ဈေးကွက်တွင် စားအုန်းဆီ အပါအဝင် ဆီဈေးများ ကျဆင်းနေကြောင်း စားသုံးသူများနှင့် အရောင်းဆိုင်များထံမှ သိရသည်။

လက်ရှိ မြေပဲဈေး ကျဆင်းနေသည့်အတွက် ပဲဆီဈေး အနည်းငယ်ကျဆင်းနေကြောင်းသိရပြီး ဈေးမှာစားအုန်းဆီ အပြင်ပေါက်ဈေးဖြင့် သိပ်မကွာတော့၍ ပဲဆီသာစားသုံးမှုရှိလာကြောင်း စားသုံးသူများထံမှ သိရသည်။

ပဲဆီဈေး အရောတစ်ပိဿာလျှင် ၁၅,၀၀၀ ကျပ်နှင့် ရှယ်တစ်ပိဿာလျှင် ၁၈,၀၀၀ကျပ်ပေါက်ဈေးရှိကြောင်းသိရပြီး စားအုန်းဆီအပြင်ပေါက်ဈေးမှာ ၁၃,၀၀၀ ကျော်ထိရှိနေသေး၍ ဈေးသိပ်မကွာတော့ကြောင်း သုံးသပ်ကြသည်။

ပဲဆီ တစ်ပိဿာကို ၁၅,၀၀၀ ကျပ် ပေးဝယ်ရတယ်။ စားအုန်းဆီက စာအုပ်နဲ့ဝယ်ရင်တော့ အရင်အပတ်က ၅၀ သားကို ၃၄၅၀ ကျပ် ပေးဝယ်ရတယ်။ အခု အပတ်ထပ်ကျမယ် ကြားတယ်။ စားအုန်းဆီအပြင်ဈေးလဲ ဒီအပတ် ကျလာတယ်။ အရင် ၁၅,၀၀၀ လောက်ရှိတယ်။ အခုဆို ၁၃,၀၀၀ လောက်ပဲရှိမယ်။ ပဲဆီနဲ့ သိပ်မကွာတော့ဘူး။ ပဲဆီလဲကျနေတယ်” ဟု ရန်ကုန်မြို့နေသူ အိမ်ရှင်မ တစ်ဦးက ပြောသည်။

စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာလည်း ဆက်တိုက်ဆိုသလို ကျဆင်းနေပြီး အောက်တိုဘာလ ၁၄ ရက်မှ ၂၀ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ၆,၃၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ထို့ကြောင့် ခွဲတမ်းရ အရောင်းဆိုင်များအနေဖြင့် ရပ်ကွက်ရုံးမှ ထုတ်ပေးသည့် ဆီဝယ်ယူခွင့် စာအုပ်များဖြင့်သာ ရောင်းချပေးနေပြီး အောက်တိုဘာလ ပထမပတ်က စားအုန်းဆီ ၅၀ သား လျှင် ၃၆၀၀ ကျပ်ဖြင့်လည်းကောင်း အောက်တိုဘာလ ၇ ရက် မှ ၁၄ ရက်အထိ ၅၀ သား ကို ၃၄၅၀ ကျပ် ဖြင့်လည်းကောင်း ရောင်းချပေးနေ၍ ဈေးနှုန်းများကျဆင်းလာကြောင်း တွေ့ရသည်။

“ စားအုန်းဆီက ရည်ညွှန်းဈေးချလို့ ဈေးကျရောင်းပေးတာပါ။ ပြည်ပတင်သွင်းဈေးပေါ်မူတည်ပြီး တွက်ချက်ရောင်းပေးတာဆိုတော့ ပြည်ပဈေး အနည်းငယ်ကျသွားလို့နေမှာပါ။နောက်ပြီး ဝယ်ယူစားသုံးမှုလည်းနည်းသွားတယ်။ ဈေးကွက်ထဲ ဈေးချိုတဲ့ဆီတွေ ဝင်နေတယ် ကြားတယ်။ တချို့က အဲ့ဆီတွေ ဝယ်စားနေတော့ စားအုန်းဆီ စားသုံးမှု လျော့ကျပြီး ဈေးကျလာတယ်လို့ ထင်ရတယ်။ ပဲဆီလဲ အရင်ထက်ကျလာတယ်။မြေပဲဆန်ဈေးကျလာရင်ပဲဆီဈေးက အလိုလိုကျလာတယ် ”ဟု သဃ်န်းကျွန်းမှ ဆီအရောင်းဆိုင်တစ်ဆိုင် ကပြောသည်။

လက်ရှိ ဈေးကွက်အတွင်း တံဆိပ်မပါသည့် ဆီဘူးများ ဝင်ရောက်နေပြီး ပဲဆီဈေးနှင့် စားအုန်းဆီဈေးထက် ဈေးသက်သာသည့်အတွက် တချို့မှာ ဝယ်ယူသုံးစွဲလျက်ရှိကြောင်း ရန်ကုန်မြို့နေ စားသုံးသူများထံမှလည်း သိရသည်။

ဆီအသင်းအနေဖြင့် Door to Door စနစ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချပေးနေပြီး ဈေးကစားရန် ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။

**(AMIA)**

**Source: Htwet Toe**

## ကျောင်းကုန်းဒေသထွက် ငရုတ်သီးခြောက်များ ရန်ကုန်ဈေးကွက်မှ မှာယူမှုများနေ



ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းဒေသထွက် ငရုတ်သီးခြောက်များကို ရန်ကုန်ဈေးကွက်မှ မှာယူမှုများနေကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ကိုင်သူများ၏ ပြောပြချက်အရ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငရုတ်သီးခြောက်ပိဿာချိန် ၇၉,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လတွင် ပိဿာချိန် ၅၅,၀၀၀ အထိသာ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဒေသထွက် ငရုတ်သီးခြောက်ဈေးနှုန်းမှာ ၁၀ ပိဿာလျှင် ၇၉,၀၀၀ အထိဈေးရရှိနေကြောင်း၊ ငရုတ်သီးအရည်အသွေး ကောင်းမွန်နေသည့်အတွက် မှာယူမှုများပြားနေကြောင်းလည်း သိရသည်။

မြန်မာ့ငရုတ်ကို ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးခြင်းဖြစ်ပြီး ကျောက်ဆည်တွင်လည်း စိုက်ပျိုးကြောင်းနှင့် မြန်မာ့ငရုတ်ကို ပြည်ပဈေးကွက်နိုင်ငံများသို့လည်း တင်ပို့နေကြောင်း သိရသည်။

**Source: https://www.popularmyanmar.com/**

## ရေနစ်မြုပ်မှုကြောင့် အင်းလေးတွင် ခရမ်းချဉ်သီး စိုက်ခင်းဧကပေါင်း ၂၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် အင်းလေးတွင် ခရမ်းချဉ်သီး စိုက်ခင်းဧကပေါင်း ၂၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း ခရမ်းချဉ်သီးစိုက်တောင်သူများ၏ ပြောကြားချက်အရ သိရသည်။

မုန်တိုင်းယာဂိ၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး အင်းလေးဒေသအပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်များတွင် အဆိုးရွားဆုံး ရေကြီးမှု၊ မြေပြိုမှု၊ ရေနစ်မြုပ်မှုများနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းများ ရေနစ်မြုပ်ခဲ့သည့်အတွက် ခရမ်းချဉ်သီးဈေးလည်း ရုတ်တရက်မြင့်တက်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ရေဘေးစတင်မဖြစ်ပွားခင် အင်းလေးဒေသတွင် ခရမ်းချဉ်သီးတစ်ပိဿာ ၂၅၀၀ ကျပ်ဝန်းကျင်သာရှိခဲ့ပြီး လက်ရှိတွင် တစ်ပိဿာ ၄၂၀၀ ကျပ်ဝန်းကျင် ပေါက်ဈေးရှိနေကြောင်း သိရသည်။

လက်ရှိအချိန်တွင် အင်းလေးဒေသထွက် ခရမ်းချဉ်သီး မရှိသလောက် ရှားပါးနေပြီဖြစ်ကာ အထိန်းအသိမ်းကောင်းသော ခြံရှင်အချို့သာ ကျွန်းမျောအနည်းငယ် ကျန်ရှိမည်ဖြစ်ပြီး ကုန်းသီးနှင့် ရောရောင်းနေရကြောင်း သိရသည်။

**https://www.popularmyanmar.com/**

## ကြက်သားဈေးနှုန်းများမြင့်တက်

ယခုရက်ပိုင်းအတွင်း ကြက်သားဈေးနှုန်းများ မြင့်တက်လာကြောင်း ကြက်သားအရောင်းဒိုင်များထံမှသိရသည်။

ရန်ကုန်မြို့ရှိ ကြက်သားဒိုင်ဈေးများတွင် အောက်တိုဘာ ၁ ရက်က အသားတိုးကြက်တစ်ပိဿာ ၁၁,၄၀၀ ကျပ်မှ ၁၂,၀၀၀ ကျပ်၊ ဆီမီးကြက် တစ်ပိဿာ ၁၂,၀၀၀ ကျပ်၊ ကြက်နီမ ဒိုင်ဈေး ၈၅၀၀ ကျပ်၊ ဗမာကြက် တစ်ပိဿာ ၁၉,၀၀၀ ကျပ်မှ ၂၀,၀၀၀ ကျပ်သာရှိခဲ့ပြီး၊ (အောက်တိုဘာ ၁၆ ရက်)တွင် အသားတိုးကြက်ဒိုင်ဈေး တစ်ပိဿာ ၁၂,၇၀၀ ကျပ်မှ ၁၃,၉၀၀ ကျပ်၊ ဆီမီးကြက် တစ်ပိဿာ ၁၇,၀၀၀ ကျပ်၊ ကြက်နီမဒိုင်ဈေး ၁၀,၅၀၀ ကျပ်၊ ဗမာကြက် ၂၀,၀၀၀ ကျပ်မှ ၂၁,၀၀၀ ကျပ်ဖြစ်ကြောင်း မင်္ဂလာတောင်ညွန့်ကြက်ဘဲဈေးမှ သိရသည်။

"ကုန်ဈေးနှုန်းတွေက အစစအရာရာတက်နေတော့ သူလည်းတက်တာပေါ့။ အရင် ၁၀ ကောင်ယူတဲ့သူက ခုနစ်ကောင်လောက်ပဲ ယူတော့တာပေါ့။ စားသုံးသူကလည်း အဲဒီလောက်မစားနိုင်တော့ဘူး။ အရင်ထက် အရောင်းအဝယ်ပါးသွားတယ်" ဟု မင်္ဂလာတောင်ညွန့်ကြက်ဘဲဈေးမှ ကြက်သားဒိုင်တစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

ဈေးများတွင် အသားတိုးကြက်တစ်ပိဿာ ၁၇,၀၀၀ ကျပ်မှ ၁၉,၀၀၀ ကျပ်ကြား ရောင်းချနေပြီး ကြက်နီမတစ်ပိဿာ ၁၄,၀၀၀ ကျပ် ၁၅,၀၀၀ ကျပ်ကြား ရောင်းချကြောင်း၊ နေရာဒေသအလိုက် ဈေးနှုန်းကွာခြားမှုရှိကြောင်း ဈေးဝယ်သူများထံမှ သိရသည်။

" မနေ့ကဈေးထဲမှာ ကြက်ပေါင်တစ်ခြမ်း ၃၀၀၀ တဲ့ ဘာမှမရဘူး။ မိသားစုတစ်စုအတွက် တစ်နပ်စာဆို ၆၀၀၀ ဖိုးလောက်ဝယ်မှရတော့တယ် "ဟု ပုဇွန်တောင်မြို့နယ်တွင်နေထိုင်သူတစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ ပြောသည်။

ပြီးခဲ့သည့် ဇွန်လဆန်းပိုင်းတွင် ရန်ကုန်၌ ကြက်သားတစ်ပိဿာ ဒိုင်ဈေး ၉၀၀၀ ကျပ် ဝန်းကျင်သာရှိပြီး ပြင်ပဈေးကွက်တွင် တစ်ပိဿာ ၁၃,၀၀၀ ကျပ်သာရှိခဲ့ရာမှ ကုန်ဈေးနှုန်းမြင့်တက်လာခြင်းနှင့်အတူ ကြက်သားဈေးနှုန်းများလည်း တဖြည်းဖြည်းမြင့်တက်လာခြင်းဖြစ်သည်။

ကြက်သားဈေးနှုန်းများ မြင့်တက်လာရခြင်းမှာ ကြက်စာအပါအဝင် မွေးမြူရေးစရိတ်များမြင့်တက်ခြင်း၊ သယ်ယူပို့ဆောင်ရေးစရိတ်များမြင့်တက်လာခြင်းနှင့် အထွေထွေကုန်ကျစရိတ်များ မြင့်တက်ခြင်းများကြောင့် ဖြစ်ကြောင်း ကြက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများထံမှသိရသည်။

**မင်းစည်သူ/စံတော်ချိန်ဒစ်ဂျစ်တယ်**

**Source : The Standard Time Daily**

## စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းဈေးနှုန်း ၉၅၀,၀၀၀ ကျပ်ဖြစ်

စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းမှာ ၉၅၀,၀၀၀ ကျပ်အဖြစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့မှ သတ်မှတ်ခဲ့ကြောင်း အောက်တိုဘာ ၁၉ ရက်နေ့က ကြေညာချက်အမှတ် (၁/၂၀၂၄)ဖြင့် ထုတ်ပြန်ခဲ့သည်။

အစိုးခတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ အတွက် ဈေးနှုန်းသတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သတ်မှတ်ပေးခဲ့သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၄ ခုနှစ် မိုးစပါးနှင့် ၂၀၂၅ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်သတ်မှတ်ခဲ့ခြင်းဖြစ်ကာ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ရှိပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး ရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ရှိပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဟုလည်း ထုတ်ပြန်ချက်၌ ရေးသားထားသည်။

ထို့ကြောင့် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသည့် တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များ(သို့)အသင်းချုပ်ရုံးချုပ် (ဖုန်း ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆) သို့ ဆက်သွယ်နိုင်သည်ဟုလည်း အသိပေးခဲ့သည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရန် စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံများ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို သတ်မှတ်ပေးလျက်ရှိသည်။

**Source : https://www.popularmyanmar.com/**

## အာဖဂန်နစ္စတန်နိုင်ငံက ခြောက်လအတွင်း အမေရိကန်ဒေါ်လာ ၃၁ သန်း တန်ဖိုးရှိ သစ်သီးဝလံများ တင်ပို့နိုင်ခဲ့

ပြီးခဲ့သည့် ခြောက်လတာကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံ သည် အမေရိကန်ဒေါ်လာ ၃၁ သန်း တန်ဖိုးရှိ လတ်ဆတ်သော သစ်သီးဝလံများတင်ပို့နိုင်ခဲ့သည်ဟုစက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကအောက်တိုဘာလ ၁၉ ရက်နေ့တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံမှထုတ်ကုန်များကို တရုတ်၊ဆော်ဒီအာရေဗျ၊ယူအေအီး၊အိန္ဒိယ၊ပြင်သစ်၊ဂျာမနီ၊နယ်သာလန်၊အမေရိကန်နှင့်ဗြိတိန်နိုင်ငံများသို့ အဓိက တင်ပို့သည်ဟု ၎င်းကပြောသည်။

ပန်းသီး၊ကတွတ်သီး၊ဖရဲသီး၊စပျစ်သီး၊သလဲသီး တို့သည် ပြည်ပသို့ အဓိကတင်ပို့သည့် သစ်သီးဝလံများ ဖြစ်ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ အဓိကတင်ပို့သည့် ပို့ကုန်များမှာ သစ်သီးခြောက်များ၊ကျောက်မီးသွေး၊လက်ရက်ကော်ဇောများနှင့် အဖိုးတန်ကျောက်မျက်တို့ဖြစ်ကြကြောင်း သိရသည်။

**ဆင်ဟွာ**

**Source : မြန်မာ့အလင်းသတင်းစာ**

## တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်မှုသည် ဈေးကွက်အလားအလာကို ပိုမိုမြင့်တက်စေခဲ့

တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများရောင်းဝယ်မှု (trade-ins) သည် ဈေးကွက်ဝယ်လိုအားသစ်များ ထွက်ပေါ်စေခဲ့သည်။

ယနေ့အချိန်ထိ မော်တော်ကားဖျက်သိမ်းခြင်း (automobile scrapping) နှင့် ထောက်ပံ့ကြေး သက်တမ်းတိုးခြင်း (renewal subsidies) အတွက် လျှောက်လွှာပေါင်း ၁ ဒသမ ၄ သန်း ကျော်ကို မှတ်တမ်းတင်ထားခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံတစ်ဝှမ်းရှိ စားသုံးသူပေါင်း ၁၀ ဒသမ ၈ သန်းကျော်သည် တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများ ဆန်းသစ်ခြင်းအစီအစဉ် (China's consumer goods renewal program) တွင် ပါဝင်သော အိမ်သုံးပစ္စည်း ၁၅ ဒသမ ၆ သန်းခန့်ကို ဝယ်ယူခဲ့ကြောင်း၊ အိမ်သုံးပစ္စည်းများရောင်းဝယ်မှု (Household appliance trade-ins) သည် တန်ဖိုးငွေအားဖြင့် ယွမ် ၇၃ ဒသမ ၃၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ ဘီလီယံခန့်) ရှိကြောင်း၊ ယခုနှစ် ပထမနှစ်ဝက်အတွင်း စားသုံးမှု (consumption)

တစ်ခုတည်းက တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ၆၀ ဒသမ ၅ ရာခိုင်နှုန်း အထိ ပံ့ပိုးပေးနိုင်ခဲ့ပြီး ၎င်း သည် GDP တိုးတက်မှုနှုန်းကို ၃ ရာခိုင်နှုန်းအထိ မြှင့်တက်စေခဲ့ကြောင်းနှင့် ပြည်တွင်းစားသုံးမှု မြှင့်တင်ရန်နှင့် ဈေးကွက်တည်ငြိမ်ပြီး အရှိန်အဟုန်ဖြင့် အပြုသဘောဆောင်သော တိုးတက်မှုကို ပိုမိုခိုင်မာလာစေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဌာနများနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး Sheng က တရုတ်နိုင်ငံမြောက်ပိုင်း Tianjin တွင် ကျင်းပပြုလုပ်ခဲ့သည့် 2024 Haihe International Consumption Forum တွင် ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် မတ်လတွင် တရုတ်နိုင်ငံသည် ပြည်တွင်းဝယ်လိုအားကို တိုးချဲ့ရန်နှင့် နိုင်ငံစီးပွားရေးကို မြှင့်တင်ရန်အတွက် စက်ကိရိယာနှင့် လူသုံးကုန်ပစ္စည်းများ ဆန်းသစ်ခြင်းအစီအစဉ် (Equipment and consumer goods renewal program) ကို အကောင်အထည်ဖော် လုပ်ဆောင်မည့် အစီအစဉ်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် အဆိုပါ အစီအစဉ်အတွက် အထူးငွေတိုက်စာချုပ်များ (ultra-long special treasury bonds) မှတစ်ဆင့် အပိုရန်ပုံငွေ ယွမ် ၃၀၀ ဘီလီယံကို ပံ့ပိုးပေးခြင်းဖြင့် မူဝါဒဆိုင်ရာ ပံ့ပိုးကူညီမှုများကို ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**Source :** http://en.people.cn/n3/2024/1019/c90000-20231390.html

**စီးပွားရေးသံမှူး၊ တရုတ်နိုင်ငံ၊ ကူမင်းမြို့။**

https://myantrade.gov.mm/

## STOCK EXCHANGE (21.10.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 34,349 (Shares) | 75,406,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,600 | 8,600 | 8,500 | 688 | 5,849,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,350 | 3,400 | 3,300 | 1,952 | 6,534,450 | 38,929,150 | 132,359 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 2,000 | +50 | +2.56% | 2,000 | 2,000 | 2,000 | 10 | 20,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 267 | 720,900 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 620 | 1,024,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,400 | +0 | +0.00% | 4,400 | 4,400 | 4,400 | 7 | 30,800 | 10,497,598 | 46,189 |
| MAEX | 00008 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,350 | 805 | 2,726,950 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 21st Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.28 | +1.18 | +0.30% | 399.10 | 400.85 | 398.85 | 4,349 | 16,906,100 | 8 | 755,008 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st Oct. 2024

| Trading Volume | Trading Value |
|---|---|
| 34,349 (Shares) | 75,406,100 (MMK) |

### Main Board

As of 1:00 pm, 21st Oct. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 34,349 (Shares) | 75,406,100 (MMK) |

| MYANPIX | 400.28 ▲ 1.18 |
|---|---|
| Total Volume (shares) | 4,349 |
| Total Value (MMK) | 17 mil |
| Listed Company | 8 |
| Market Cap. (MMK) | 755,008 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 50 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,400 | ▲ 0 |
| MAEX | 00008 | 3,350 | ▼ 50 |